ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်အမှတ် ၈၂ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

( ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ ၂၄ ရက် )

# ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၉-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၁/၂၀၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆန်စပါးသိုလှောင်ခြင်းကိစ္စရပ်အပေါ် ကြီးကြပ်နိုင်ရန်အလို့ငှာ အောက်ပါ အမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကို ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

( ခ ) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနကို ဆိုသည်။

၃။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူသည် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ မှတ်ပုံတင်လျှောက်ထားရမည်။

၄။ ဦးစီးဌာနသည် အပိုဒ် ၃ အရ မှတ်ပုံတင်လျှောက်ထားချက်ကို စိစစ်ပြီး ပြည့်စုံပါက ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပူးတွဲပါ မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး မှတ်ပုံတင်ခြင်းကို ခွင့်ပြုရမည်။

၅။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ကြေးကို သင့်လျော်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၆။ ဆန်စပါးသိုလှောင်ရုံကို ပိုင်ဆိုင်သူသည် မိမိ၏ ဆန်စပါးသိုလှောင်ရုံနှင့်စပ်လျဉ်း၍ မှတ်ပုံတင် ခွင့်ပြုချက် ရရှိပြီးနောက် စာရင်းအချက်အလက် ပြောင်းလဲမှုရှိ၍ ပြင်ဆင်လိုလျှင် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ လျှောက်ထားရမည်။

၇။ ဦးစီးဌာနသည် အပိုဒ် ၆ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ခွင့်ပြုထားသည့် ဆန်စပါးသိုလှောင်ရုံအရွယ်အစား ပြောင်းလဲခြင်းအပေါ် မူလခွင့်ပြုထားသည့် မှတ်ပုံတင်ကို ရုပ်သိမ်းပြီး လျှောက်ထားသည့် ဆန်စပါးသိုလှောင်ရုံအတွက်သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေ၍ မှတ်ပုံတင်ခြင်းကို ခွင့်ပြုရမည်။

၈။ ဦးစီးဌာနသည် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခွင့်ပြုခြင်းအတွက် ကောက်ခံရရှိသည့် မှတ်ပုံတင်ကြေးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၉။ ဤအမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့် နေ့ရက်တွင် ဆန်စပါးသိုလှောင်ရုံ ပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိပါက ဦးစီးဌာနသည် အဆိုပါပုဂ္ဂိုလ်အား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့် ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် ဆန်စပါးသိုလှောင်ရုံနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို စစ်ဆေးကြီးကြပ်ရမည်။

(ခ) ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆန်စပါးသိုလှောင်ရုံတွင် ဆန်စပါးသိုလှောင်ခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၁။ ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူက လိုက်နာရမည့် စည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၄ ( ၃၂ )
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း

အမိန့်အရ

၂၄.၁၀.၂၀၂၄

အောင်သွင်ဦး
ညွှန်ကြားရေးမှူးချုပ်

ပူးတွဲ

# ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ရန် သိုလှောင်ရုံအကျယ်အဝန်းအလိုက် မှတ်ပုံတင်ကြေးသတ်မှတ်ချက်

| စဉ် | သိုလှောင်ရုံ အမျိုးအစား | သိုလှောင်ရုံ အကျယ်အဝန်း (ကုဗပေ) | | မှတ်ပုံတင်ကြေး (ကျပ်) |
|---|---|---|---|---|
| | | မှ | အထိ | |
| ၁။ | အငယ်စား | ၂,၀၀၀ | ၂၀,၀၀၀ | ၅၀,၀၀၀ |
| ၂။ | အလတ်စား | ၂၀,၀၀၁ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ၃။ | အကြီးစား | ၁၀၀,၀၀၁ | ၂၀၀,၀၀၀ | ၁၅၀,၀၀၀ |
| ၄။ | ကုန်အပ်စနစ် ဆောင်ရွက်သည့် သိုလှောင်ရုံ | ၂၀၀,၀၀၁ နှင့်အထက် | | ၂၀၀,၀၀၀ |